**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**
**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း (၁၁) ရက်။
၂၀၂၀ခုနှစ်၊ ဖေဖော်ဝါရီလ ( ၂၄ )ရက်။

**ညွှန်ကြားချက်အမှတ် - ၁ /၂၀၂၀**

အကြောင်းအရာ ။ ။ **ငါး/ပုစွန် ရေထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်သည့်စက်ရုံများ (Processing Plants) ၊ ငါးတင်/ချ ဆိပ်ကမ်းများ (Landing Site) နှင့် လေလံဈေးများ (Auction Markets) မှတ်ပုံတင်လိုင်စင်ပြုလုပ်ရန်ကိစ္စ။**

၁။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေပုဒ်မ-၂၃ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေပုဒ်မ -၂ (ပ) တွင် လိုင်စင်ဆိုသည်မှာ မြန်မာ့ပင်လယ်ငါးလုပ်ငန်း ရေပြင်တွင် ငါးလုပ်ငန်း လုပ်ကိုင်ခြင်းအတွက်ဖြစ်စေ၊ ပင်လယ်ထွက် ပစ္စည်းများကို ရောင်းဝယ်ရန်စုဆောင်းခြင်းအတွက်ဖြစ်စေ၊ ပင်လယ်တွင် အပျော်တမ်းငါးဖမ်းခြင်းကို စီးပွားဖြစ်လုပ်ငန်းအဖြစ် တည်ထောင်လုပ်ကိုင်ခြင်းအတွက်ဖြစ်စေ၊ ငါးနှင့်ပတ်သက်သော အခြားလုပ်ငန်းများ လုပ်ကိုင်ခြင်းအတွက်ဖြစ်စေ၊ ဦးစီးဌာနက ထုတ်ပေးသော လိုင်စင်ဟူ၍ ပြဋ္ဌာန်းထားပါသည်။

၃။ သို့ဖြစ်ရာ ငါး/ပုစွန်ရေထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်နေသည့်လုပ်ငန်းများ စနစ်တကျရှိစေရေးအတွက် သက်ဆိုင်ရာလုပ်ငန်းရှင်များအနေဖြင့် မိမိလုပ်ငန်းနှင့် သက်ဆိုင်သော ပြုပြင်ထုတ်လုပ်သည့်စက်ရုံများ (Processing Plants)၊ အအေးခန်းစက်ရုံများ (Cold Storage)၊ ရေလုပ်ငန်းအသုံးပြုသည့် ရေခဲထုတ်လုပ်သည့် ရေခဲစက်များ (Ice Making Plants)၊ ငါးချဆိပ်ကမ်းများ (Landing Site) နှင့် ရေထွက်ပစ္စည်းများ ရောင်းချသည့် လေလံဈေးများ (Auction Markets)များသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှစ၍ ငါးလုပ်ငန်းဦးစီးဌာနတွင် မိမိလုပ်ငန်းနှင့်သက်ဆိုင်သော လုပ်ငန်းလိုင်စင်များ ထုတ်ယူရန် ညွှန်ကြားလိုက်သည်။

( ခင်ကိုလေး )
ညွှန်ကြားရေးမှူးချုပ်

မိတ္တူကို

- ဝန်ကြီးရုံး၊ မွေးမြူရေး ၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန။
- ဒုတိယညွှန်ကြားရေးမှူးချုပ်ရုံး၊ ငါးလုပ်ငန်းဦးစီးဌာန။
- ညွှန်ကြားရေးမှူး၊ငါးလုပ်ငန်းစစ်ဆေးရေးနှင့်အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ
- ညွှန်ကြားရေးမှူး၊ မွေးမြူရေးဌာနခွဲ၊ ငါးလုပ်ငန်းဦးစီးဌာန။
- (                    )တိုင်းဒေသကြီး/ ပြည်နယ်၊ ငါးလုပ်ငန်းဦးစီးဌာန။
- ဥက္ကဋ္ဌ ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်။ ( ညီနောင်အသင်းအဖွဲ့များနှင့်လုပ်ငန်းရှင်များသို့ ထပ်ဆင့်ဖြန့်ဝေပေးပါရန်မေတ္တာရပ်ခံချက်ဖြင့်ပေးပို့ပါသည်။ )
- ဥက္ကဋ္ဌ ၊မြန်မာရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း။
- ဥက္ကဋ္ဌ ၊မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း။
- ဥက္ကဋ္ဌ ၊မြန်မာနိုင်ငံပုစွန်မွေးမြူရေးလုပ်ငန်းရှင်များအသင်း။
- ရုံးလက်ခံ။
- မျှောစာတွဲ။